CENTRE FOR LAW AND DEMOCRACY

# မြန်မာ ၊ ဒစ်ဂျစ်တယ် အကြောင်းအရာ အဆိုပြုချက်များ [1]

## ဇန်နဝါရီလ ၂၀၁၈

### ၁။ နိဒါန်း

ဥပဒေ နှင့် ဒီမိုကရေစီရေးရာ စင်တာ - The Centre for Law and Democracy (CLD) သည် ၎င်း၏ ဒေသခံမိတ်ဖက်အဖွဲ့ဖြစ်သည့် မြန်မာ မီဒီယာရှေ့နေများ ကွန်ရက် - Myanmar Media Lawyers' Network (MMLN) နှင့် အခြားဒေသခံအဖွဲ့အစည်းများနှင့် အတူတွဲဖက်ပြီး မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် နယ်ပယ်လောကအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လွန်လွန်ကဲကဲ ကန့်သတ်ချုပ်ချယ်သည့် ဥပဒေပြဌာန်းချက်များအကြောင်း ဆွေးနွေးပွဲများ နှင့် အလုပ်ရုံဆွေးနွေးပွဲများကို စီစဉ်ကျင်းပပေးခဲ့ပြီး ဖြစ်သည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုများက ပြဿနာဖြစ်ပွားမှုအကြီးမားဆုံး နှင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးချခံနေရသည့် ပြဌာန်းချက်တစ်ခုဖြစ်သော ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေ၏ပုဒ်မ ၆၆(ဃ) နှင့် ဆက်နွယ်သည့် လုပ်ထုံးလုပ်နည်း ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အချို့ကို ဖြစ်ပေါ်လာစေခဲ့သည်။ သို့သော် ဤ ပြဌာန်းချက် သို့မဟုတ် အခြားပြဌာန်းချက်များကို ယခုအထိ အခြား ကြီးကြီးမားမားအပြောင်းအလဲများ မပြုလုပ်ရသေးပါ။

ပြဿနာ၏ တစ်စိတ်တစ်ပိုင်းမှာ လှုံ့ဆော်ကြိုးပမ်းမှုသည် ပြဿနာဖြစ်နေသည့် ပြဌာန်းချက် တစ်ခုကိုသာ အာရုံစိုက်ခြင်းကြောင့် ဖြစ်နိုင်ပြီး အခြားတစ်ပိုင်းမှာ လွှတ်တော်သည် အခြား နည်းလမ်း သို့မဟုတ် အစားထိုးစရာ တစ်ခုကို သဘောတူ လက်ခံမှု မရရှိသေးဘဲ ပြဌာန်းချက် တစ်ခုအား ရုပ်သိမ်းရန် မသက်မသာ ခံစားရသောကြောင့်လည်း ဖြစ်နိုင်သည်။

[1] ဤအစီရင်ခံစာအတွက် အများပြည်သူဆိုင်ရာ မူပိုင်ခွင့် ကင်းလွတ်မှုသတ်မှတ်ချက်-စီးပွားရေးဖြင့် မဆိုင်သော-ဝေမျှနိုင်သော မူကွဲ ၃.၀ နေရာဒေသအလိုက် ပြုပြင်မထားသော လိုင်စင် (Creative Commons Attribution-NonCommercial-ShareAlike 3.0 Unported Licence) ရယူထားသည်။ သင်သည် ဥပဒေ နှင့် ဒီမိုကရေစီ ရေးရာ စင်တာမှ ရယူ ထားကြောင်း အသိအမှတ်ပြုဖော်ပြပြီး စီးပွားရေးအတွက် အသုံးပြုခြင်းမရှိဘဲ ဤထုတ်ဝေမှုမှ ဆင့်ပွားဖန်တီးသမျှ ဤလိုင်စင် စည်းကမ်း သတ်မှတ်ချက်ဖြင့်ထပ်တူ ဖြန့်ဖြူးမည်ဆိုပါက ဤအစီရင်ခံစာကို  လွတ်လပ်စွာ မိတ္တူကူးယူ၊ ဖြန့်ဖြူး၊ ပြသပြီး ဆင့်ပွား ဆောင်ရွက် နိုင်သည်။ ဤလိုင်စင်၏မိတ္တူကို ကြည့်ရှုရန် ဤဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။ http://creativecommons.org/licenses/by-nc-sa/3.0/.

ဤ အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် ဤ မှတ်စုစာတမ်းသည် အစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေ ၁၉၂၃ ၊ ၂၀၀၄ ခုနှစ် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ နှင့် ၂၀၁၃ ခုနှစ် ဆက်သွယ်ရေး ဥပဒေ ဟူသော ဥပဒေ သုံးခုကို နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ပို၍ နီးနီးကပ်ကပ် ညီညွတ်မှု ရှိစေရေးအတွက် အဓိကပြဋ္ဌာန်းချက်များ ပြင်ဆင်ရန် နည်းလမ်းအပေါ် ကျွန်ုပ်တို့၏ ကနဦးစဉ်းစားပုံကို ဖော်ပြပေးထားပါသည်။ မှတ်စုစာတမ်းသည် ဥပဒေ တစ်ခုစီအတွက် လက်ရှိပြဋ္ဌာန်းချက်များကို ဖော်ပြပေးထားပြီး အတိုချုံးရှင်းပြမှု နှင့်အတူ ပြုပြင်ပြောင်းလဲရေးအတွက် ကျွန်ုပ်တို့၏ အဆိုပြုချက်များကို ဖော်ပြပေးထားသည်။

ဤ အဆိုပြုချက်များကို တိုးတက်ကောင်းမွန်စေရေးအတွက် နှင့် ၎င်းတို့သည် ဒေသခံတို့၏ လိုအပ်ချက်များကို တုံ့ပြန်မှုရှိကြောင်း သေချာစေရေးတို့အတွက် မျှော်မှန်းပြီး မြန်မာနိုင်ငံအတွင်း အဓိကပါဝင်ပတ်သက်သူများအကြား ဆွေးနွေးမှုများ ပြုလုပ်ရန် ကျွန်ုပ်တို့က ရည်ရွယ်ပါသည်။ ထိုနောက် ကျွန်ုပ်တို့သည် အဆိုပြုချက်များကို ဥပဒေအတွင်း ထည့်သွင်း ပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းမှုအတွက် ဒေသခံ ပါဝင်ပတ်သက်သူများနှင့် အလုပ်လုပ်ရန် ရည်ရွယ်ပါသည်။

## ၂။ အစိုးရလျှို့ဝှက်ချက်များအက်ဥပဒေ

### လက်ရှိပြဋ္ဌာန်းချက်များ

၃။(၁) မည်သူမဆို နိုင်ငံလုံခြုံရေး ၊ သို့မဟုတ် အကျိုးကို ထိခိုက်စေလိုသောရည်ရွယ်ချက်ဖြင့် -

(က)ပိတ်ပင်တားမြစ်ထားသည့် နေရာတစ်ခုခုကို ချဉ်းကပ်ခြင်း ၊ ကြည့်ရှုစစ်ဆေးခြင်း ၊ ကျော်ဖြတ်ခြင်း ပြုလုပ်လျှင် သို့မဟုတ် ထိုနေရာ အနီးအနားတွင် ရှိနေလျှင် သို့မဟုတ် ထိုနေရာသို့ ဝင်ရောက်လျှင် သို့မဟုတ်

(ခ) ရန်သူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အသုံးဝင်စေရန် တွက်ချင့်၍ သို့မဟုတ် အသုံးဝင်တန်ရာသည်ဟူ၍ သို့မဟုတ် အသုံးဝင်စေရန် ကြံရွယ်၍ မည်သည့် ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ သို့မဟုတ် မှတ်စုကိုမဆို ပြုလုပ်လျှင် သို့မဟုတ်

(ဂ) ရန်သူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးဝင်စေရန် တွက်ချင့်၍ သို့မဟုတ် အသုံးဝင်တန်ရာသည်ဟူ၍ သို့မဟုတ် အသုံးဝင်စေရန် ကြံရွယ်၍ လျှို့ဝှက်ထားသည့် အစိုးရ စကားဝှက် သို့မဟုတ် ကင်းစကားဝှက် တစ်ခုခုကိုသော်လည်းကောင်း၊ ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ရေးသားချက်၊ မှတ်စု သို့မဟုတ် အခြား စာရွက်စာတမ်း အမှတ်အသား တစ်ခုခု သို့မဟုတ် သတင်း တစ်ရပ်ရပ်ကိုသော်လည်းကောင်း ရယူခြင်း ၊ စုဆောင်းသိမ်းဆည်းခြင်း၊ မှတ်တမ်းတင်ခြင်း သို့မဟုတ် ထုတ်ဝေခြင်း သို့မဟုတ် တစ်ပါးသူအား ဆက်သွယ်၍ သိစေခြင်းတို့ ပြုလုပ်လျှင် သို့မဟုတ်

အဆိုပါပြစ်မှုမှာ ခံတပ်၊လက်နက်တိုက်၊ရေတပ်၊ကြည်းတပ် သို့မဟုတ် လေတပ် အခြေစိုက်ထားရှိရာ သို့မဟုတ် ချထားရာ ဌာန၊ မိုင်း၊မိုင်းကွင်း၊ အလုပ်ရုံ၊ သင်္ဘောကျင်း၊စခန်း၊ သင်္ဘော သို့မဟုတ် လေယာဉ် နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သို့မဟုတ် အစိုးရ ရေတပ်၊ကြည်းတပ် သို့မဟုတ် လေတပ်ရေးရာကိစ္စများ နှင့် စပ်လျဉ်း၍သော်လည်းကောင်း သို့မဟုတ် လျှို့ဝှက်ထားသည့် အစိုးရစကားဝှက် တစ်ခုခုနှင့် စပ်လျဉ်း၍သော်လည်းကောင်း ကျူးလွန်သည့် ပြစ်မှု

ဖြစ်လျှင် တစ်ဆယ့်လေးနှစ် အထိ ထောင်ဒဏ်၊ အခြားအမှုများဖြစ်လျှင် သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ခြင်း ခံရမည်။

(၂) ဤပုဒ်မအရ တစ်ဆယ့်လေးနှစ်ထိ ထောင်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုအတွက် တရားစွဲဆိုသည့် အခါ တရားခံမှာ နိုင်ငံလုံခြုံရေး သို့မဟုတ် အကျိုးကို ထိခိုက်စေလိုသည့် ရည်ရွယ်ချက်ရှိကြောင်း ထင်ရှားစေရန် သဘောသက်ရောက်သော ပြုလုပ်မှုတစ်ရပ်ကို ကျူးလွန်သည်ဟု ပြဆိုရန်မလို။ ထို့အပြင် အဆိုပါ ပြုလုပ်မှုနှင့်စပ်လျဉ်း၍ ၎င်းအပေါ် သက်သေထင်ရှားမပြစေကာမူ သက်သေ ထင်ရှားပြသည့် အမှု ကြောင်းခြင်းရာများကိုဖြစ်စေ၊ ၎င်းအပြုအမူ သို့မဟုတ် သိရှိရသည့် ၎င်း၏ အကျင့်စာရိတ္တကိုဖြစ်စေ ထောက်ထား၍ ၎င်း၏ ရည်ရွယ်ချက်သည် နိုင်ငံလုံခြုံရေး သို့မဟုတ် အကျိုးကို ထိခိုက်စေမည့်ပုံပေါ်လျှင် ၎င်းအား ပြစ်မှုထင်ရှားစီရင်နိုင်သည်။ ပိတ်ပင်တားမြစ် ထားသည့်နေရာနှင့် သက်ဆိုင်သော သို့မဟုတ် ထိုနေရာတွင် အသုံးပြုသော သို့မဟုတ် အဆိုပါ နေရာရှိ ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ရေးသားချက်၊ မှတ်စု သို့မဟုတ် အခြားစာရွက်စာတမ်း အမှတ် အသား တစ်ခုခု သို့မဟုတ် သတင်း တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ လျှို့ဝှက်ထားသည့် အစိုးရ စကားဝှက် သို့မဟုတ် ကင်းစကားဝှက် တစ်ခုခုကိုသော်လည်းကောင်း၊ တရားဥပဒေနှင့်အညီ အပ်နှင်းထားသည့် အခွင့်အရေးအာဏာအရ ဆောင်ရွက်သူမှတစ်ပါး အခြားသူတစ်ဦးဦးက ပြုလုပ်၊ရယူ၊စုဆောင်း၊ရေးမှတ်၊ထုတ်ဝေ၊ ဆက်သွယ် အကြောင်းကြားလျှင် သက်သေ ထင်ရှား ပြထားသည့် အမှု ကြောင်းခြင်းရာများကိုသော်လည်းကောင်း ၎င်း၏ အပြုအမူ သို့မဟုတ် သိရှိရသည့် ၎င်း၏ အကျင့်စရိုက်ကိုသော်လည်းကောင်း ထောက်ထား၍ ၎င်း၏ ရည်ရွယ်ချက်သည် နိုင်ငံလုံခြုံရေး သို့မဟုတ် အကျိုးကို ထိခိုက်စေမည့်ပုံပေါ်လျှင် အဆိုပါ ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ရေးသားချက်၊ မှတ်စု၊စာရွက်စာတမ်းအမှတ်အသား သို့မဟုတ် သတင်းကို နိုင်ငံလုံခြုံရေး သို့မဟုတ် အကျိုး ထိခိုက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်၊ရယူ၊စုဆောင်း၊ရေးမှတ်၊ထုတ်ဝေ ပြောကြားခြင်း ဖြစ်သည်ဟု ယူဆရမည်။

၅။(၁) မည်သူမဆို ပိတ်ပင်ထားသည့်နေရာနှင့်သက်ဆိုင်သော သို့မဟုတ် ထိုနေရာတွင် အသုံးပြုသော သို့မဟုတ် ထိုနေရာရှိ ပစ္စည်းတစ်ခုခု နှင့် သက်ဆိုင်သော သို့မဟုတ် ဤအက်ဥပဒေကို ဆန့်ကျင်၍ ပြုလုပ်ထားသော သို့မဟုတ် ရရှိထားသော သို့မဟုတ် အစိုးရ ဝန်ထမ်း ရာထူးတာဝန်ထမ်းဆောင်နေသူတစ်ဦးဦးက မိမိအား ယုံကြည်၍ အပ်နှံထားသော သို့မဟုတ် အစိုးရဝန်ထမ်း၊ ရာထူးတာဝန်ထမ်းဆောင်နေသူအနေဖြင့်သော်လည်းကောင်း၊ ထမ်းဆောင်ခဲ့ဖူးသူအနေဖြင့်သော်လည်းကောင်း၊ အစိုးရကိုယ်စားချုပ်ဆိုသည့် ပဋိညာဉ် လက်ရှိ ဖြစ်သူအနေဖြင့်သော်လည်းကောင်း၊ ဖြစ်ခဲ့ဖူးသူအနေဖြင့်သော်လည်းကောင်း၊ သို့မဟုတ် ထိုကဲ့သို့သော ရုံးတစ်ခု သို့မဟုတ် ပဋိညာဉ်ချုပ်ဆိုမှုတွင် လက်ရှိရာထူးရှိသူ သို့မဟုတ် ရှိခဲ့ဖူးသူ လက်အောက်၌ အလုပ်လုပ်ကိုင်သူ သို့မဟုတ် လုပ်ကိုင်ခဲ့ဖူးသူအနေဖြင့်သော်လည်းကောင်း မိမိရရှိထားသော သို့မဟုတ် ရယူကြည့်ရှုခွင့်ရှိထားသော လျှို့ဝှက်ထားသည့် အစိုးရစကားဝှက် သို့မဟုတ် ကင်းစကားဝှက်ကို ဖြစ်စေ ပုံကြမ်း၊စနစ်ပုံ၊နမူနာပုံစံ၊ ရေးသားချက်၊ မှတ်စု သို့မဟုတ် အခြား စာရွက်စာတမ်း အမှတ်အသား တစ်ခုခု သို့မဟုတ် သတင်း တစ်ရပ်ရပ်ကို ဖြစ်စေ မိမိ၏ လက်ဝယ်တွင်သော်လည်းကောင်း၊ မိမိ၏ ကြီးကြပ်မှုအောက်တွင်သော်လည်းကောင်း ထားရှိသူ ဖြစ်သည့် အားလျော်စွာ -

(က)ထိုစကားဝှက်၊ကင်းစကားဝှက်၊ ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ရေးသားချက်၊ မှတ်စု၊ စာရွက်စာတမ်း အမှတ်အသား သို့မဟုတ် သတင်းကို မိမိပြောကြားခွင့်ရှိသောသူ သို့မဟုတ် တရားရုံးမှတစ်ပါး တစ်ခြားသူ တစ်ဦးတစ်ယောက်အား တမင်ပြောကြားလျှင် သို့မဟုတ် -

(ခ) မိမိလက်ရှိဖြစ်သည့် သတင်းကို နိုင်ငံခြားအစိုးရအကျိုးအတွက် သို့မဟုတ် တခြားတနည်းနည်းဖြင့် နိုင်ငံလုံခြုံရေး ထိခိုက်စေရန်အတွက် အသုံးပြုလျှင် သို့မဟုတ် -
(ဂ) ထိုပုံကြမ်း၊စနစ်ပုံ၊နမူနာပုံစံ၊ရေးသားချက်၊မှတ်စု၊စာရွက်စာတမ်းအမှတ်အသားကို မိမိလက်ဝယ်တွင် ဖြစ်စေ၊မိမိ၏ ကြီးကြပ်မှုအောက်တွင်ဖြစ်စေ၊ ဆက်လက်ထားပိုင်ခွင့်မရှိဘဲလျက် သို့မဟုတ် မိမိ၏ တာဝန်ဝတ္တရားအရ ဆက်လက် မထားသင့်ဘဲလျက် ဆက်လက်ထားရှိလျှင် သို့မဟုတ် ၎င်းတို့ကို ပြန်ပေးခြင်းနှင့်သော်လည်းကောင်း၊ စီမံခန့်ခွဲခြင်းနှင့်သော်လည်းကောင်း စပ်လျဉ်း၍ တရားဥပဒေနှင့်အညီ ခန့်ထားသော အာဏာပိုင်က ထုတ်ဆင့်သည့် ညွှန်ကြားချက်အားလုံးကို လိုက်နာရန် တမင်ပျက်ကွက်လျှင် သို့မဟုတ် -
(ဃ) ထိုပုံကြမ်း၊စနစ်ပုံ၊နမူနာပုံစံ၊ရေးသားချက်၊မှတ်စု၊စာရွက်စာတမ်းအမှတ်အသား၊ လျှို့ဝှက်ထားသည့် အစိုးရ စကားဝှက်၊ ကင်းစကားဝှက် သို့မဟုတ် သတင်းကို သင့်တင့်လျောက်ပတ်စွာ ထိန်းသိမ်းရန် ပျက်ကွက်လျှင် သို့မဟုတ် ယင်းတို့၏ လုံခြုံမှုကို အန္တရာယ်ဖြစ်စေလောက်အောင် ပြုမူလျှင် -

ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူ ဖြစ်စေရမည်။

(၂) မည်သူမဆို လျှို့ဝှက်ထားသည့် အစိုးရစကားဝှက် သို့မဟုတ် ကင်းစကားဝှက် တစ်ခုခုကို သော်လည်းကောင်း၊ ပုံကြမ်း၊စနစ်ပုံ၊နမူနာပုံစံ၊ရေးသားချက်၊မှတ်စု၊စာရွက်စာတမ်းအမှတ်အသား သို့မဟုတ် သတင်းတစ်ခုခုကိုသော်လည်းကောင်း လက်ခံစဉ်က ထို စကားဝှက် ၊ ကင်းစကားဝှက် ၊ ပုံကြမ်း၊ စနစ်ပုံ၊နမူနာပုံစံ၊ ရေးသားချက်၊ မှတ်စု၊ စာရွက်စာတမ်း အမှတ်အသား သို့မဟုတ် သတင်းကို ဤ ဥပဒေ နှင့် ဆန့်ကျင်၍ ဆက်သွယ်အကြောင်းကြားခြင်းကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းယုတ္တိရှိလျက်နှင့်ဖြစ်စေ၊ အလိုအလျောက် လက်ခံလျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူ ဖြစ်စေရမည်။

(၃) မည်သူမဆို စစ်ပစ္စည်းနှင့်သက်ဆိုင်သည့် ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ရေးသားချက်၊ မှတ်စု၊ စာရွက်စာတမ်း အမှတ်အသား သို့မဟုတ် သတင်းတစ်ခုခုကို မိမိလက်ဝယ်တွင် သို့မဟုတ် မိမိ၏ ကြီးကြပ်မှုအောက်တွင်ထားရှိသူဖြစ်သည့် အားလျော်စွာ နိုင်ငံခြားအစိုးရအား နိုင်ငံလုံခြုံရေး သို့မဟုတ် အကျိုးထိခိုက်အောင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆက်သွယ်အကြောင်းကြားလျှင် ဤပုဒ်မအရ ပြစ်မှု ကျူးလွန်သူ ဖြစ်စေရမည်။

(၄) ဤပုဒ်မအရဖြစ်သော ပြစ်မှုကျူးလွန်သူသည် နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။

## ကျွန်ုပ်တို့၏ အဆိုပြုချက်များ

*၃။(၁) မည်သူမဆို တမင်တကာရည်စူးကြံရွယ်ပြီး တရားဝင် အခွင့်အာဏာမရှိဘဲ နိုင်ငံ၏ လုံခြုံရေးကို ထိခိုက်စေလိုသော ရည်ရွယ်ချက်ဖြင့် -*

မှတ်ချက်။ တမင်တကာရည်စူးကြံရွယ်မှု နှင့် တရားဝင် အခွင့်အာဏာကင်းမဲ့မှု လိုအပ်ချက်တို့ကို ပေါင်းထည့်ထားသည်။ ပထမအချက်သည် ရာဇဝတ်မှုဆိုင်ရာ ကိစ္စများ

အတွက် ထည့်သွင်းရန် ပုံမှန် လိုအပ်ချက်ဖြစ်ပြီး ဒုတိယအချက်သည် တရားဝင် အခွင့်အာဏာအောက်တွင် လုပ်ကိုင်ဆောင်ရွက်နေသူများအား အကာအကွယ်ပေးရန် လိုအပ်ချက်ဖြစ်သည်။ ဤ ကိစ္စအတွက် နယ်ပယ်အတိုင်းအတာကိုလည်း သင့်တော်ရာ နိုင်ငံ၏လုံခြုံရေးကိစ္စများနှင့်ပဲ သက်ဆိုင်အောင် ချုံ့ယူကျဉ်းမြောင်းစေခဲ့ပြီးပြီ ဖြစ်သည်။ ( ၎င်းကို အဓိပ္ပါယ်ဖွင့်ဆိုထားပြီးဖြစ်ကာ အောက်ပါ ပုဒ်မခွဲ ၃(၃) တွင် ကြည့်ရှုနိုင်သည်။ )

*(က) ပိတ်ပင်တားမြစ်ထားသည့် နေရာတစ်ခုခုကို ကြည့်ရှုစစ်ဆေးခြင်း သို့မဟုတ် ဝင်ရောက်ခြင်း ပြုလုပ်လျှင် ၊ သို့မဟုတ်*

မှတ်ချက်။ "ချဉ်းကပ်ခြင်း" ၊ "ကျော်ဖြတ်ခြင်း" နှင့် "ထိုနေရာ အနီးအနားတွင် ရှိနေလျှင်" ဟူသည့် ရည်ညွှန်းချက်များသည် လက်တွေ့ကျယုတ္တိတန်မှု မရှိသည့်အပြင် လွန်လွန်ကဲကဲ ကျယ်ပြန့်လွန်း နေသဖြင့် ဖယ်ရှားထားသည်။ "ကြည့်ရှုစစ်ဆေးခြင်း" သည် အမှန်တကယ် ထိခိုက်စေသော လုပ်ကိုင်ဆောင်ရွက်မှုအားလုံးကို ခြုံမိသည်။

*(ခ) [ရုပ်သိမ်းထားသည်။]*

မှတ်ချက်။ ဤနေရာတွင် သီးခြားပုဒ်မခွဲ တစ်ခု မလိုအပ်ပါ။ ဤ အကြောင်းအရာကို အောက်ပါ အပိုင်း (ဂ) တွင် ပေါင်းထည့်ထားသည်။

*(ဂ) လျှို့ဝှက်ထားသည့် အစိုးရ စကားဝှက် သို့မဟုတ် ကင်းစကားဝှက် တစ်ခုခုကို သော်လည်းကောင်း၊ ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ရေးသားချက်၊ မှတ်စု သို့မဟုတ် အခြား စာရွက်စာတမ်း အမှတ်အသား တစ်ခုခု သို့မဟုတ် သတင်း တစ်ရပ်ရပ်ကို သော်လည်းကောင်း ဖန်တီးပြုလုပ်ခြင်း၊ ရယူခြင်း ၊ စုဆောင်းသိမ်းဆည်းခြင်း၊ မှတ်တမ်းတင်ခြင်း သို့မဟုတ် ထုတ်ဝေခြင်း သို့မဟုတ် တစ်ပါးသူအား ဆက်သွယ်၍ သိစေခြင်း တို့ကို နိုင်ငံ၏လုံခြုံရေးကို ထိခိုက်နစ်နာမှု ဖြစ်စေရန် ရည်စူးကြံရွယ်၍ ပြုလုပ်ပြီး အမှန်တကယ်လည်း ထိခိုက်နစ်နာနိုင်ဖွယ်ရာ ရှိလျှင်*

မှတ်ချက်။ ရည်စူးကြံရွယ်မှု လိုအပ်ချက်ကို ပေါင်းထည့်ထားသည်။ "တွက်ချင့်၍" ၊ " အသုံးဝင်တန်ရာသည်ဟူ၍ " နှင့် " တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ " ဟူသည့် ရည်ညွှန်းချက်များကို ဖယ်ရှားထားပြီး ဖြစ်နိုင်ဖွယ်ရာရှိခြင်း ဟူသော လိုအပ်ချက်ဖြင့် အစားထိုးထားသည်။ ရန်သူအား အသုံးဝင်စေရန် ဟူသော သဘောတရားကို ပို၍ ကျယ်ပြန့်သည့် နိုင်ငံ၏လုံခြုံရေးဟူသော သဘောတရား အကောက်အယူဖြင့် အစားထိုး ထားသည်။ ဤသို့ပြဋ္ဌာန်းသတ်မှတ်မှုက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို လေးစား ရင်းဖြင့် နိုင်ငံလုံခြုံရေးအတွက် သင့်တော်လုံလောက်သော အကာအကွယ်ကို ထောက်ပံ့ပေးမည် ဖြစ်သည်။

*အဆိုပါပြစ်မှုမှာ ခံတပ်၊လက်နက်တိုက်၊ရေတပ်၊ကြည်းတပ် သို့မဟုတ် လေတပ် အခြေစိုက် ထားရှိရာ သို့မဟုတ် ချထားရာ ဌာန၊ မိုင်း၊မိုင်းကွင်း၊ အလုပ်ရုံ၊ သင်္ဘောကျင်း၊စခန်း၊ သင်္ဘော သို့မဟုတ် လေယာဉ် နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သို့မဟုတ် အစိုးရ ရေတပ်၊ကြည်းတပ်*

*သို့မဟုတ် လေတပ်ရေးရာကိစ္စများ နှင့် စပ်လျဉ်း၍သော်လည်းကောင်း သို့မဟုတ် လျှို့ဝှက်ထားသည့် အစိုးရစကားဝှက် တစ်ခုခုနှင့် စပ်လျဉ်း၍သော်လည်းကောင်း ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်* *ခုနစ်နှစ် အထိ ထောင်ဒဏ်၊ အခြားအမှုများဖြစ်လျှင် သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ခြင်း ခံရမည်။*

မှတ်ချက်။ အမြင့်ဆုံးပြစ်ဒဏ်ကို ရာဇဝတ်မှု၏ သဘောသဘာဝ နှင့် ပို၍ ညီညွတ်စေရန် ခုနစ်နှစ်သို့ လျှော့ချထားသည်။

*(၂) [ရုပ်သိမ်းထားသည်။]*

မှတ်ချက်။ ဤပုဒ်မခွဲကို (ကျွန်ုပ်တို့၏အဆိုပြုချက်တွင်) ရုပ်သိမ်းထားသည်။ ၎င်းသည် တမင်တကာရည်စူးကြံရွယ်မှု လိုအပ်ချက်ကို ဖယ်ရှားထားပြီး ထိုသို့ ဖယ်ရှားမှုသည် ရာဇဝတ်ပြစ်မှုဆိုင်ရာ ဥပဒေ၏ အခြေခံမူဖြင့် ဆန့်ကျင်နေကာ ဤ ပြဋ္ဌာန်းချက်ကို အလွဲသုံးစားပြုရန် ဖြစ်နိုင်ခြေကို အလွန်တရာ ကြီးမားစေနိုင်သည်။

*(၃) ဤပုဒ်မအတွက် ကြံရွယ်မှုမြောက်စေရန် အတွက် လူပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါတစ်ခုခုကို ပြုလုပ်လျှင် နိုင်ငံ၏လုံခြုံရေးကို ထိခိုက်စေလိုသည့် ရည်ရွယ်ချက် ရှိသည်။ -*

*(က) နိုင်ငံရေး၊ ဘာသာရေး သို့မဟုတ် နိုင်ငံရေးသဘောတရား တစ်ခု၏ ရည်ရွယ်ချက် ၊ ရည်မှန်းချက် သို့မဟုတ် အရေးကို ရှေ့တန်းတင် လှုံ့ဆော် အားပေးရန် သော်လည်းကောင်း၊ နိုင်ငံခြား အဖွဲ့အစည်းတစ်ခု သို့မဟုတ် အကြမ်းဖက်အုပ်စု တစ်ခု အတွက်အကျိုးဖြစ်ထွန်းစေရန်သော်လည်းကောင်း မြန်မာနိုင်ငံဥပဒေအရ အမြင့်ဆုံး ထောင်ဒဏ် နှစ်နှစ် သို့မဟုတ် ထို့ထက်ပို၍ ချမှတ်နိုင်သော ပြစ်မှုကို မြန်မာနိုင်ငံအတွင်း ကျူးလွန်လျှင် -*

*(ခ) မြန်မာနိုင်ငံ အတွင်း နှင့် ပြင်ပတွင် အကြမ်းဖက်မှုဆိုင်ရာ လုပ်ဆောင်မှုများ ကျူးလွန်လျှင် -*

*(ဂ) မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး သို့မဟုတ် ပိုင်နက် နယ်မြေ တည်တံ့ခိုင်မြဲမှု တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် မြန်မာနိုင်ငံ အစိုးရ၏ စွမ်းဆောင်နိုင်မှုကို ခြိမ်းခြောက်မှုပြုသည့် အရေးပေါ် ဖြစ်ပြီး အကျပ်အတည်း ဖြစ်စေသော အခြေအနေ တစ်ခုကို မြန်မာနိုင်ငံအတွင်း ဖြစ်စေလျှင် သို့မဟုတ် ပိုမိုဆိုးရွားစေလျှင် -*

*(ဃ) မြန်မာနိုင်ငံတပ်မတော် သို့မဟုတ် ထို တပ်ဖွဲ့၏ မည်သည့် အစိတ်အပိုင်းမဆို၏ စစ်ရေးဆိုင်ရာ စွမ်းဆောင်ရည်ကို ထိခိုက်စေလျှင် သို့မဟုတ် ခြိမ်းခြောက်လျှင် -*

*(င) မြန်မာနိုင်ငံတပ်မတော်၏ လက်ဝယ်တွင်ရှိသော သို့မဟုတ် ရည်ရွယ်သော မည်သည့်လက်နက် သို့မဟုတ် ကာကွယ်ရေးကိရိယာ ပစ္စည်းမဆို နှင့် ထိုကဲ့သို့သော လက်နက် သို့မဟုတ် ကာကွယ်ရေး ကိရိယာပစ္စည်း ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သော သို့မဟုတ် ဆက်နွယ်သော အကောင်အထည်ရှိ စက်ပိုင်းဆိုင်ရာ အမာထည်ပစ္စည်း ၊ အကောင်အထည်မဲ့ အပျော့ထည်ပစ္စည်း သို့မဟုတ် စနစ်၏ ဒီဇိုင်းပုံစံ၊ တီထွင် ဖော်ထုတ်မှု သို့မဟုတ် ထုတ်လုပ်မှုကို  စွက်ဖက်နှောင့်ယှက်လျှင်-*

*(စ) လုံခြုံရေး နှင့် သတင်းထောက်လှမ်းရေး နှင့်ဆက်နွယ်ပြီး မြန်မာနိုင်ငံ အစိုးရ၏ စွမ်းဆောင်ရည်များကို ထိခိုက်စေလျှင် သို့မဟုတ် ခြိမ်းခြောက်လျှင် သို့မဟုတ် -*
*(ဆ) သံတမန်ဆိုင်ရာ သို့မဟုတ် ကောင်စစ်ဝန်ဆိုင်ရာ ဆက်ဆံရေးများ ဆောင်ရွက်ရန် သို့မဟုတ် နိုင်ငံတကာ ညှိနှိုင်းမှုများ ဆောင်ရွက်ရန် နှင့် စီမံခန့်ခွဲရန် မြန်မာနိုင်ငံ အစိုးရ၏ စွမ်းဆောင်ရည်များကို ထိခိုက်စေလျှင် သို့မဟုတ် ခြိမ်းခြောက်လျှင် -*

*ထိုသူသည် နိုင်ငံ၏လုံခြုံရေးကို ထိခိုက်စေလိုသည့် ရည်ရွယ်ချက် ရှိသည်။*

မှတ်ချက်။ ဤပုဒ်မအတွက် ကြံရွယ်မှုမြောက်စေသည့် ရည်ရွယ်ချက်များအတွက် နိုင်ငံ၏လုံခြုံရေး နယ်ပယ်အတိုင်းအတာကို ရှင်းလင်းစေရန် ပေါင်းထည့်ထားသည်။

*၅။(၁) ထိုအကြောင်းအရာအား ဖွင့်ချလိုက်လျှင် နိုင်ငံ၏လုံခြုံရေးကို ထိခိုက်စေမည့် ပြင်းထန်သော အန္တရာယ်ဖြစ်နိုင်ခြေ ကျရောက်စေမည့် သဘောတရား အကြောင်းရင်းကြောင့် တရားဝင် လျှို့ဝှက်ချက်အဖြစ် လုံခြုံရေးအဆင့် သတ်မှတ်ထားပြီးဖြစ်ကာ အစိုးရဝန်ထမ်း ရာထူးတာဝန် ထမ်းဆောင် နေသူတစ်ဦးဦးက မိမိအား ယုံကြည်၍ အပ်နှံထားသော၊ သို့မဟုတ် အစိုးရဝန်ထမ်း၊ ရာထူးတာဝန် ထမ်းဆောင်နေသူအနေဖြင့်သော်လည်းကောင်း၊ ထမ်းဆောင်ခဲ့ဖူးသူ အနေဖြင့် သော်လည်းကောင်း၊ အစိုးရ ကိုယ်စား ချုပ်ဆိုသည့် ပဋိညာဉ် လက်ရှိ ဖြစ်သူ အနေဖြင့်သော် လည်းကောင်း၊ ဖြစ်ခဲ့ဖူးသူအနေဖြင့်သော်လည်းကောင်း၊ သို့မဟုတ် ထိုကဲ့သို့သော ရုံးတစ်ခု သို့မဟုတ် ပဋိညာဉ်ချုပ်ဆိုမှုတွင် လက်ရှိ ရာထူးရှိသူ သို့မဟုတ် ရှိခဲ့ဖူးသူ လက်အောက်၌ အလုပ်လုပ်ကိုင်သူ သို့မဟုတ် လုပ်ကိုင်ခဲ့ဖူးသူအနေဖြင့်သော်လည်းကောင်း ရရှိထားသော သို့မဟုတ် ရယူကြည့်ရှုခွင့်ရှိထားသော လျှို့ဝှက်ထားသည့် အစိုးရစကားဝှက် သို့ မဟုတ် ကင်းစကားဝှက်ကို ဖြစ်စေ ပုံကြမ်း၊စနစ်ပုံ၊နမူနာပုံစံ၊ ရေးသားချက်၊ မှတ်စု သို့မဟုတ် အခြား စာရွက်စာတမ်း အမှတ်အသား တစ်ခုခု သို့မဟုတ် သတင်း တစ်ရပ်ရပ်ကို ဖြစ်စေ မိမိ၏ လက်ဝယ်တွင် သော်လည်းကောင်း၊ မိမိ၏ ကြီးကြပ်မှုအောက်တွင်သော် လည်းကောင်း ထားရှိသူ မည်သူမဆို -*

မှတ်ချက်။ " ပိတ်ပင်ထားသည့် နေရာနှင့် သက်ဆိုင်သော သို့မဟုတ် ထိုနေရာတွင် အသုံးပြုသော "၊ "ထိုနေရာရှိ ပစ္စည်းတစ်ခုခု နှင့် သက်ဆိုင်သော"၊ " ဤအက်ဥပဒေကို ဆန့်ကျင်၍ ပြုလုပ်ထားသော သို့မဟုတ် ရရှိထားသော " သို့မဟုတ် လူပုဂ္ဂိုလ်၏ ရာထူးတာဝန်၏ အကျိုးသက်သက်ကြောင့် စွဲကိုင်ထားခြင်း ဖြစ်သော သတင်းတစ်ရပ်ရပ် ဟူသည့် သဘောတရားကို သတင်းတစ်ရပ်ရပ်ကို လျှို့ဝှက်ချက်အဖြစ် တရားဝင် အမျိုးအစား သတ်မှတ်ထားရမည်ဖြစ်ပြီး လူပုဂ္ဂိုလ်တစ်ဦးက သူ၏ ရာထူးတာဝန်၏ အကျိုးအဖြစ် စွဲကိုင်ထားရမည် ဟူသည့် သဘောတရား ဖြင့် အစားထိုးထားသည်။

*(က) ထိုစကားဝှက်၊ကင်းစကားဝှက်၊ ပုံကြမ်း၊ စနစ်ပုံ၊ နမူနာပုံစံ၊ ရေးသားချက်၊ မှတ်စု၊ စာရွက်စာတမ်း အမှတ်အသား သို့မဟုတ် သတင်းကို မိမိပြောကြားခွင့်ရှိသောသူ သို့မဟုတ် တရားရုံးမှ တစ်ပါး တစ်ခြားသူ တစ်ဦးတစ်ယောက်အား တမင်ပြောကြားလျှင် သို့မဟုတ် -*

မှတ်ချက်။ ဤပြဋ္ဌာန်းချက်တွင် မည်သည့်ပြောင်းလဲမှုမှ ပြုလုပ်မထားပါ။

*(ခ) မိမိလက်ရှိဖြစ်သည့် သတင်းကို နိုင်ငံလုံခြုံရေး ထိခိုက်စေသည့်နည်းဖြင့် တမင် အသုံးပြုလျှင် သို့မဟုတ် -*

မှတ်ချက်။ "နိုင်ငံခြားအစိုးရအကျိုးအတွက်" နှင့် " နိုင်ငံ၏အေးချမ်းလုံခြုံရေး" ကိုထိခိုက် ဆန့်ကျင်စေရန်အတွက် သတင်းကို အသုံးပြုခြင်းဟူသည့် သဘောတရားကို နိုင်ငံ၏ လုံခြုံရေး ထိခိုက်စေရန်အတွက် ဟူသည့် သဘောတရားဖြင့် အစားထိုးထားသည်။ ရာဇဝတ်မှုပြစ်မှုတိုင်းအတွက် စိတ်ပိုင်းဆိုင်ရာ ရည်စူးကြံရွယ်မှု လိုအပ်ချက်ကို ထင်ဟပ်သောအားဖြင့် တမင်ကြံရွယ်မှု ဟူသည့်လိုအပ်ချက်တစ်ခုကို ပေါင်းထည့် ထားသည်။

*(ဂ) ထိုပုံကြမ်း၊စနစ်ပုံ၊နမူနာပုံစံ၊ရေးသားချက်၊မှတ်စု၊စာရွက်စာတမ်းအမှတ်အသားကို မိမိလက်ဝယ်တွင် ဖြစ်စေ၊မိမိ၏ ကြီးကြပ်မှုအောက်တွင်ဖြစ်စေ၊ ဆက်လက်ထားပိုင်ခွင့် မရှိဘဲလျက် သို့မဟုတ် မိမိ၏ တာဝန်ဝတ္တရားအရ ဆက်လက် မထားသင့်ဘဲလျက် တမင် ဆက်လက်ထားရှိလျှင် သို့မဟုတ် ၎င်းတို့ကို ပြန်ပေးခြင်းနှင့်သော်လည်းကောင်း၊ စီမံခန့်ခွဲခြင်းနှင့် သော်လည်းကောင်း စပ်လျဉ်း၍ တရားဥပဒေနှင့်အညီ ခန့်ထားသော အာဏာပိုင်က ထုတ်ဆင့်သည့် ညွှန်ကြားချက်အားလုံးကို လိုက်နာရန် တမင် ပျက်ကွက်လျှင် သို့မဟုတ် -*

မှတ်ချက်။ ရာဇဝတ်ပြစ်မှုအားလုံးသည် စိတ်ပိုင်းဆိုင်ရာ ကြံရွယ်မှု ပါသင့်သည်ဟူသော အခြေခံဖြင့် ဤ ပုဒ်မခွဲ အပိုင်းအားလုံးတွင် တမင်ရည်စူးမှု ပါဝင်ရမည်ဟူသည့် ခုခံချေပမှု ကို ချဲ့ထွင်ထားသည်။

*(ဃ) ထိုပုံကြမ်း၊စနစ်ပုံ၊နမူနာပုံစံ၊ရေးသားချက်၊မှတ်စု၊စာရွက်စာတမ်းအမှတ်အသား၊ လျှို့ဝှက် ထားသည့် အစိုးရ စကားဝှက်၊ ကင်းစကားဝှက် သို့မဟုတ် သတင်းကို သင့်တင့် လျောက်ပတ်စွာ ထိန်းသိမ်းရန် ပျက်ကွက်လျှင် သို့မဟုတ် ယင်းတို့၏ လုံခြုံမှုကို အန္တရာယ်ဖြစ်စေလောက်အောင် ပြုမူလျှင် -*

မှတ်ချက်။ ဤပြဋ္ဌာန်းချက်တွင် မည်သည့်ပြောင်းလဲမှုမှ ပြုလုပ်မထားပါ။

*ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူ ဖြစ်စေရမည်။*

*(၂) [ရုပ်သိမ်းထားသည်။]*

မှတ်ချက်။ ဤပြဋ္ဌာန်းချက်သည် ကျိုးကြောင်းဆီလျော်မှုတမှု မရှိပါ။ လူပုဂ္ဂိုလ်တစ်ဦးသည် လျှို့ဝှက်သတင်း တစ်ရပ်ရပ်ကို လက်ခံရရှိလျှင် ထိုသူ၏ အပြစ်မဟုတ်ပါ။ ထို့အပြင် သတင်း တစ်ရပ်ရပ်သည် အများအကျိုးအတွက်ဖြစ်လျှင် ထိုလူပုဂ္ဂိုလ်သည် ၎င်းကို လက်ခံ ရရှိသင့်သည်။

*(၃) [ရုပ်သိမ်းထားသည်။]*

မှတ်ချက်။ ဤအကြောင်းအရာကို ပုဒ်မခွဲ ၅(၁)(က) တွင် အကျုံးဝင်ခြုံငုံအောင် ပြင်ဆင်ပြီးသား ဖြစ်ပါသည်။

*(၄) ဤပုဒ်မအရဖြစ်သော ပြစ်မှုကျူးလွန်သူသည် နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။*

မှတ်ချက်။ ဤပြင်ဆင်ချက်တွင် မည်သည့်ပြောင်းလဲမှုမှ ပြုလုပ်မထားပါ။

*၅က။ ပုဒ်မ ၃ နှင့် ၅ ကို ကျူးလွန်မှုသည် ထုတ်ဖော်ပြောဆိုမှုဆိုင်ရာ ဆောင်ရွက်မှုပါဝင်ပြီး ပါဝင်ဆောင်ရွက်သည့် လူပုဂ္ဂိုလ်သည် အများပြည်သူအကျိုးစီးပွားအတွက် ပြုလုပ်ကြောင်း အခိုင်အမာ သက်သေထူနိုင်လျှင် ထိုပုဒ်မများဖြင့် အပြစ်သက်ရောက်ခြင်း မရှိစေရ။*

မှတ်ချက်။ နိုင်ငံ၏ လုံခြုံရေးကို အကာအကွယ်ပေးခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှု ရပိုင်ခွင့်နှင့်အတူ အခြားအကျိုးစီးပွားတို့အကြား ဟန်ချက်မျှရန် ထုတ်ဖော်ဖွင့်ဟခြင်းဆိုင်ရာ ရာဇဝတ်ပြစ်မှုအတွက် ဤကဲ့သို့ အများပြည်သူအကျိုးဟူသည့် ခုခံချေပမှုမျိုးလိုအပ်ပါသည်။

## ၃။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ

## လက်ရှိပြဋ္ဌာန်းချက်များ

၃၃။ မည်သူမဆို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို အသုံးပြု၍ အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

(က) နိုင်ငံတော်၏လုံခြုံရေး၊တရားဥပဒေစိုးမိုးရေး နှင့် နယ်မြေအေးချမ်းသာယာရေး ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသား ယဉ်ကျေးမှုကို ထိခိုက်စေသော ပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

(ခ) နိုင်ငံတော်၏လုံခြုံရေး၊တရားဥပဒေစိုးမိုးရေး နှင့် နယ်မြေအေးချမ်းသာယာရေး ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသား ယဉ်ကျေးမှု နှင့် စပ်လျဉ်းသည့် နိုင်ငံတော်၏ လျှို့ဝှက်ချက်နှင့် သက်ဆိုင်သော သတင်းအချက်အလက် တစ်ရပ်ရပ်ကို ရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်း။

၃၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(က) အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ် အချက်အလက် သတင်းလွှာ သို့မဟုတ် ကွန်ပျူတာ ပရိုဂရမ် တစ်ခုလုံးကို ဖြစ်စေ၊ ပရိုဂရမ် တစ်စိတ်တစ်ဒေသကို ဖြစ်စေ မရိုးမဖြောင့်သော သဘောဖြင့် ပေးပို့ခြင်း၊ နှောင့်ယှက်ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ဖျက်ဆီးခြင်း၊ ခိုးယူခြင်း သို့မဟုတ် ထိခိုက်ဆုံးရှုံးစေခြင်း။

(ခ) မူလဆောင်ရွက်ပေးပို့သူ နှင့် လက်ခံသူတို့၏ ခွင့်ပြုချက်မရှိဘဲ ကွန်ပျူတာ ကွန်ရက်အတွင်း ဆက်သွယ်မှုတစ်ခုခုကို ကြားဖြတ်ခြင်း၊ ဆက်သွယ်မှု တစ်ခုခုတွင် ပါဝင်သည့် အချက်တစ်ရပ်ရပ်ကို အသုံးပြုခြင်း၊ သို့မဟုတ် အခြားသူတစ်ဦးဦးသို့ ထုတ်ဖော်ခြင်း။

(ဂ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက်မရှိဘဲ ထိုသူ၏ လုံခြုံမှုအဆင့်ထားရှိသော အမှတ်၊ စကားဝှက် သို့မဟုတ် အီလက်ထရောနစ် ထိုးမြဲ လက်မှတ်ဖြင့် အခြားပုဂ္ဂိုလ် တစ်ဦးဦးသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ် အသုံးပြုခြင်း။

(ဃ) အဖွဲ့အစည်းတစ်ခုခု၊ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန် ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းစေရန် ဖြစ်စေ သတင်းအချက်အလက်ကို အီလက်ထရောနစ် နည်းပညာဖြင့် ပြုလုပ်ခြင်း၊ပြုပြင်ခြင်း၊ သို့မဟုတ် ပြောင်းလဲခြင်း၊ ပြုလုပ်ထားသည့် သတင်းအချက်အလက်ကို ဖြန့်ချီခြင်း။

၃၈။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်း ကြံစည်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေး ကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်။

## ကျွန်ုပ်တို့၏ အဆိုပြုချက်များ

*၃၃။မည်သူမဆို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို အသုံးပြု၍ အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အမြင့်ဆုံး ၇ နှစ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်နိုင်သည်။*

*(က) နိုင်ငံလုံခြုံရေး သို့မဟုတ် တရားဥပဒေ စိုးမိုးရေး နှင့် အေးချမ်းသာယာမှု ကို ပြင်းထန်သော အန္တရာယ် ကျရောက်စေမည့် ရည်ရွယ်ချက် နှင့် သက်ရောက်မှု ဖြစ်နိုင်ဖွယ်ရာရှိသော ပြုလုပ်မှု တစ်ခုခုကို ဆောင်ရွက်ခြင်း။*

မှတ်ချက်။ အနိမ့်ဆုံးပြစ်ဒဏ်ကို ဖယ်ရှားထားပြီး ( လူသတ်မှု သို့မဟုတ် မုဒိမ်းမှုကဲ့သို့ အမြဲအားဖြင့် အလွန်တရာ ပြင်းထန်ကြီးမားသော ပြစ်မှု ပြင်ပတွင် ဤသို့ ပြစ်ဒဏ် ချမှတ်မှုများမှာ ပြဿနာ ကြီးမားစွာ ဖြစ်ပွားစေနိုင်သည်။) ပြစ်မှု၏ ပြင်းထန်လေးနက်မှု အဆင့်ကို ထင်ဟပ်ရန် ပို၍နည်းသော အမြင့်ဆုံးပြစ်ဒဏ် သတ်မှတ်ချက်ကို ပေါင်းထည့် ထားသည်။ တမင်ရည်စူးကြံရွယ်ချက် နှင့် ပြင်းထန်သော ထိခိုက်မှုအန္တရာယ် အမှန် တကယ် ဖန်တီးဖြစ်ပေါ်စေခြင်း လိုအပ်ချက်များကို ပေါင်းထည့်ထားသည်။ "နယ်မြေ

အေးချမ်း သာယာရေး ၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသား ယဉ်ကျေးမှု " ဟူသည့် ရည်ညွှန်းချက်များသည် လွန်လွန်ကဲကဲ ကျယ်ပြန့်လွန်းနေပြီး မလိုအပ်သဖြင့် ဖယ်ရှားထားသည်။

*(ခ) နိုင်ငံလုံခြုံရေး သို့မဟုတ် တရားဥပဒေ စိုးမိုးရေး နှင့် အေးချမ်းသာယာမှု ကို ပြင်းထန်သော အန္တရာယ် ကျရောက်စေမည့် ရည်ရွယ်ချက် နှင့်  သက်ရောက်မှု ဖြစ်နိုင်ဖွယ်ရာရှိသော လျှို့ဝှက်ချက်ဟု ပိုင်းခြားသတ်မှတ်ထားသည့် သတင်း အချက် အလက် တစ်ရပ်ရပ်ကို ဖြန့်ဖြူးခြင်း။*

မှတ်ချက်။ ယခင် ပြဋ္ဌာန်းချက်မှာကဲ့သို့ တမင်ရည်စူးကြံရွယ်ချက် နှင့် ပြင်းထန်သော ထိခိုက်မှုအန္တရာယ် အမှန်တကယ် ဖန်တီးဖြစ်ပေါ်စေခြင်း လိုအပ်ချက်များကို ပေါင်းထည့် ထားသည်။ နောက်ထပ်တဖန် "နယ်မြေအေးချမ်း သာယာရေး ၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသား ယဉ်ကျေးမှု " ဟူသည့် ရည်ညွှန်းချက်များသည် လွန်လွန်ကဲကဲ ကျယ်ပြန့် လွန်းနေပြီး မလိုအပ်သဖြင့် ဖယ်ရှား ထားသည်။

*၃၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာ အသုံးပြုပြီး ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။  -*

*(က) အတိအလင်းဖော်ပြထားသော သို့မဟုတ် သွယ်ဝိုက်ရည်ညွှန်းထားသော ခွင့်ပြုချက် မရှိဘဲ တတိယအဖွဲ့၏ တရားဝင် အကျိုးစီးပွားကို ထိခိုက်စေလိုသည့် ရည်စူး ကြံရွယ်မှုဖြင့် အီလက်ထရောနစ်မှတ်တမ်းတစ်ခု၊ အီလက်ထရောနစ် အချက်အလက် သတင်းလွှာ တစ်ခု သို့မဟုတ် ကွန်ပျူတာ ပရိုဂရမ် တစ်ခုလုံးကို ဖြစ်စေ၊ ပရိုဂရမ် တစ်စိတ်တစ်ဒေသကို ဖြစ်စေ နှောင့်ယှက်ခြင်း၊ ပြုပြင်ခြင်း၊ဖျက်ဆီးခြင်း သို့မဟုတ် ထိခိုက်စေခြင်း။*

မှတ်ချက်။ ခိုးယူခြင်းသည်  ဥပမာအားဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၈-၃၈၂ တို့အရ ရာဇဝတ်ပြစ်မှုတစ်ခု ဖြစ်နှင့်ပြီးနေပြီ ဖြစ်သည်။ ပေးပို့ခြင်း နှင့် ပတ်သက်ပြီး ၎င်းသည် (ဒစ်ဂျစ်တယ်) သဘောသဘာဝအသစ် မဟုတ်သလို ၎င်း၏ တရားဥပဒေနှင့် မညီသော ရှားရှားပါးပါး ကိစ္စများကို ( ၎င်းသည် ခြိမ်းခြောက်မှု တစ်ခု သို့မဟုတ် ခြိမ်းခြောက် ငွေညှစ်မှု ပြုလုပ်ရန် အားထုတ်မှု ဖြစ်နေသည့် အကြောင်းကဲ့သို့ ကိစ္စများကြောင့်) ပြစ်မှု ဆိုင်ရာ ဥပဒေ အတွင်း ကိုင်တွယ်ထားပြီး ဖြစ်နေသောကြောင့် ဖယ်ရှားထားသည်။ 'ပြောင်းလဲခြင်းသည်' သည် 'ပြုပြင်ခြင်း' အပိုင်းတွင် ခြုံငုံမိပြီးဖြစ်ကာ ' ဆုံးရှုံးစေခြင်း' ဟူသည့် အကောက်အယူသည် 'ထိခိုက်စေခြင်း' ဟူသည့် စကားရပ်အတွင်း ခြုံငုံမိပြီး ဖြစ်သည်။ ခွင့်ပြုချက်ရှိခြင်း ဟူသည့် ခုခံချေပမှု နှင့် တတိယအဖွဲ့၏ တရားဝင် အကျိုး စီးပွားကို ထိခိုက်မှုဖြစ်စေရန် လိုအပ်ချက်ကို ပေါင်းထည့်ထားပြီး ရည်စူးကြံရွယ်မှု လိုအပ်ချက် ကို ရှင်းလင်းထားသည်။

*(ခ) အတိအလင်းဖော်ပြထားသော သို့မဟုတ် သွယ်ဝိုက်ရည်ညွှန်းထားသော ခွင့်ပြုချက် မရှိဘဲ ပုဂ္ဂလိကဆိုင်ရာ လွတ်လပ်ခွင့် အပါအဝင် တတိယအဖွဲ့၏ တရားဝင် အကျိုး*

*စီးပွားကို ပြင်းထန်စွာ ထိခိုက်နိုင်ခြေရှိသော နည်းအားဖြင့် ကွန်ပျူတာ ကွန်ရက်အတွင်း မည်သည့် ပုဂ္ဂလိက ဆက်သွယ်မှုတစ်ခုခုကို မဆို ကြားဖြတ်ခြင်း၊ ဆက်သွယ်မှု တစ်ခုခုတွင် ပါဝင်သည့် အချက်တစ်ရပ်ရပ်ကို အသုံးပြုခြင်း သို့မဟုတ် အခြားသူ တစ်ဦးဦးသို့ ထုတ်ဖော်ခြင်း။ နှင့်*

မှတ်ချက်။ ဤ ပြဋ္ဌာန်းချက်၏ လွှမ်းခြုံသည့် နယ်ပယ်အတိုင်းအတာကို ပုဂ္ဂလိက ဆက်သွယ်ရေးများ အပေါ်သာ ကန့်သတ်ထားသည်။ အများပြည်သူဆိုင်ရာ ဆက်သွယ်ရေးကို ဖြန့်ဖြူးခြင်းသည် တရားဝင်သောကြောင့် ဖြစ်သည်။ ခွင့်ပြုချက် လိုအပ်မှုကို အတိအလင်း ထုတ်ဖော်ဖွင့်ဟထားသော ခွင့်ပြုချက် ဖြစ်စေ ၊ သွယ်ဝိုက် ရည်ညွှန်းထားသော ခွင့်ပြုချက်ဖြစ်စေကင်းမဲ့မှု သဘောတရားဖြင့်အစားထိုးထားသည်။ တစ်စုံတစ်ဦးထံ အီးမေးလ်ပို့ရန် ခွင့်ပြုချက်လိုအပ်ရခြင်းမှာ ကျိုးကြောင်းဆီလျော်မှု မရှိသည်မှာ ရှင်းလင်းထင်ရှားပါသည်။ သွယ်ဝိုက်ရည်ညွှန်းသော ခွင့်ပြုချက်ဖြင့်ပင် လုံလောက်ပါသည်။ တတိယအဖွဲ့၏ တရားဝင် အကျိုးစီးပွားကို ထိခိုက်စေခြင်း လိုအပ်ချက်ကိုလည်း ပေါင်းထည့်ထားသည်။ ခွင့်ပြုချက်မရှိသည့် ပြုလုပ်မှုတစ်ခု သည်ပင် မည်သည့် ထိခိုက်မှုမှ မဖြစ်စေလျှင် ပြစ်ဒဏ်မခတ်သင့်သောကြောင့် ဖြစ်သည်။

*(ဂ) အတိအလင်းဖော်ပြထားသော သို့မဟုတ် သွယ်ဝိုက်ရည်ညွှန်းထားသော ခွင့်ပြုချက် မရှိဘဲ ပုဂ္ဂလိကဆိုင်ရာ လွတ်လပ်ခွင့် အပါအဝင် တတိယအဖွဲ့၏ တရားဝင် အကျိုး စီးပွားကို ပြင်းထန်စွာ ထိခိုက်နိုင်ခြေရှိသော နည်းအားဖြင့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ လုံခြုံမှုအဆင့်ထားရှိသော အမှတ်၊ စကားဝှက် သို့မဟုတ် အီလက်ထရောနစ် ထိုးမြဲ လက်မှတ်ကို အခြားပုဂ္ဂိုလ် တစ်ဦးဦးသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ် အသုံးပြုခြင်း။*

မှတ်ချက်။ ခွင့်ပြုမှု သို့မဟုတ် သဘောတူညီမှု လိုအပ်ချက်ကို အတိအလင်း ဖော်ပြ ထားသော သို့မဟုတ် သွယ်ဝိုက်ရည်ညွှန်းထားသော ခွင့်ပြုချက် မရှိမှု သဘောတရားဖြင့် အစားထိုးထားသည်။ အီးမေးလ်ကို တစ်ဆင့်ကမ်းပေးပို့ခြင်းသည် မကြာခဏဆိုသလို ဒဏ်ဂျစ်တယ် ထိုးမြဲလက်မှတ် တစ်ခုပါဝင်ပြီး ဤ ကိစ္စအတွက် ခွင့်ပြုချက် မလိုအပ် သင့်ပါ။ သွယ်ဝိုက်ရည်ညွှန်းသည့် ခွင့်ပြုချက်ဖြင့်ပင် လုံလောက်ပါသည်။ ယခင် ပြဋ္ဌာန်းချက် မှာကဲ့သို့ တတိယအဖွဲ့၏ တရားဝင် အကျိုးစီးပွားကို ထိခိုက်မှုဖြစ်စေရန် လိုအပ်ချက်ကိုလည်း ပေါင်းထည့်ထားသည်။

*(ဃ) [ပုဒ်မသစ် ၃၄က ကို ဦးစားပေးသောအားဖြင့်ရုပ်သိမ်းထားသည်။]*

*၃၄က။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာကို အသုံးပြုပြီး တတိယအဖွဲ့သို့ အကြောင်းအရာ ဖြန့်ဖြူးခြင်းသည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၉၉ တွင် တွေ့ရသည့် "ပြုလုပ်ခြင်း သို့မဟုတ် ပုံနှိပ်ထုတ်ဝေခြင်း " ဟူသည့် စကားစု၏ အဓိပ္ပါယ်အတွင်း ပါဝင်သည်ဟု မှတ်ယူရမည်။*

မှတ်ချက်။ အသရေဖျက်ခြင်းဆိုင်ရာ သီးခြား ပြစ်မှုအမျိုးအစားတစ်ခုကို ဖန်တီး ဖြစ်ပေါ် စေသည့် ပုဒ်မ ၃၄(ဃ) ကို ရုပ်သိမ်းထားပြီး ပုဒ်မအသစ် ၃၄က ဖြင့် အစားထိုးထားကာ

ၚင်းက အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို အသုံးပြုပြီး အကြောင်းအရာများ ဖြန့်ချိခြင်းသည်လည်း ပြစ်မှုဆိုင်ရာဥပဒေအတွင်း အသရေဖျက်မှု ဆိုင်ရာ ပြဋ္ဌာန်းချက်များအတွင်းအကျုံးဝင်ပြီးဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။

*၃၈။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်ဖြစ်ပြီး သီးသန့်ရည်စူးကြံရွယ်ချက်ဖြင့် ပြုလုပ်ခြင်းမဟုတ်လျှင် အီလက်ထရောနစ်ဝန်ဆောင်မှုကို ထောက်ပံ့ပေးရုံမျှဖြင့် ပြစ်မှုကျူးလွန်ရန် အားထုတ်မှု ၊ ပူးပေါင်းကြံစည်မှု သို့မဟုတ် အားပေးကူညီမှုတစ်ခု ဟု မှတ်ယူခြင်း မပြုရပါ။*

မှတ်ချက်။ သီးသန့်ရည်စူးကြံရွယ်ချက်ဖြင့် အားထုတ်မှု ၊ ပြစ်မှုကျူးလွန်ရန် ပူးပေါင်းကြံစည်မှု သို့မဟုတ် အားပေးကူညီမှုတို့ ပြုလုပ်ခြင်း မဟုတ်ဘဲ အီလက်ထရောနစ် ဝန်ဆောင်မှုကို ထောက်ပံ့ပေးရုံသက်သက် ပြုလုပ်သည့်သူများအတွက် အကာ အကွယ် ပေးမှု တစ်ခုကို ဤနေရာတွင် ပေါင်းထည့်ထားသည်။

*၃၈က။ ပုဒ်မ ၃၃(က) နှင့် (ခ) နှင့် ၃၄(က) ၊(ခ) နှင့် (ဂ) တို့အား ကျူးလွန်မှုသည် ထုတ်ဖော်ပြောဆိုမှုဆိုင်ရာ ဆောင်ရွက်မှုပါဝင်ပြီး ပါဝင်ဆောင်ရွက်သည့် လူပုဂ္ဂိုလ်သည် အများပြည်သူ အကျိုးစီးပွားအတွက် ပြုလုပ်ကြောင်း အခိုင်အမာ သက်သေထူနိုင်လျှင် ထိုပုဒ်မများဖြင့် အပြစ်သက်ရောက်ခြင်း မရှိစေရ။*

မှတ်ချက်။ နိုင်ငံ၏လုံခြုံရေးကို အကာအကွယ်ပေးခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုမှု ရပိုင်ခွင့်နှင့်အတူ အခြားအကျိုးစီးပွားတို့အကြား ဟန်ချက်မျှရန် ထုတ်ဖော် ဖွင့်ဟခြင်းဆိုင်ရာ ရာဇဝတ်ပြစ်မှုအတွက် ဤကဲ့သို့ အများပြည်သူအကျိုးဟူသည့် ခုခံချေပမှု မျိုးလိုအပ်ပါသည်။

## ၄။ ဆက်သွယ်ရေးဥပဒေ

## လက်ရှိပြဋ္ဌာန်းချက်များ

၆၆။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည် -

...

(ဂ) ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြု၍ ငွေကြေး နှင့် ပစ္စည်း တစ်ရပ်ရပ်ကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်း၊

(ဃ) ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့် တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရား တားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်ဩဇာ သုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။

၆၈။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံး ဖြစ်စေ ချမှတ်ရမည်။

(က) မမှန်ကန်သော သတင်းအချက်အလက်ကို မရိုးမဖြောင့်သော သဘောဖြင့် ဆက်သွယ်ခြင်း၊ ဖမ်းယူခြင်း၊ ပို့လွှတ်ခြင်း ၊ ဖြန့်ချိခြင်း သို့မဟုတ် ပေးဝေခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခြင်း။

၆၉။ မည်သူမဆို ဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းကိစ္စနှင့် တရားရုံးအမိန့်အရ ထုတ်ဖော်ပြသရန် ခွင့်ပြုထားသည့် ကိစ္စများမှအပ ယုံကြည်စိတ်ချရသော စနစ်ဖြင့်ဖြစ်စေ၊ လျှို့ဝှက် စနစ်ဖြင့် ဖြစ်စေ ထားရှိသော သတင်းအချက်အလက်ကို ယင်းတို့နှင့် သက်ဆိုင်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးသို့ တစ်နည်းနည်းဖြင့် ထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှု ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

၇၅။ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသော မည်သည့် သတင်းအချက် အလက်နှင့် ဆက်သွယ်မှုများကိုမဆို ရရှိနိုင်ရေးအတွက် နိုင်ငံသားများ၏ မူလအခွင့်အရေးကို မထိခိုက်စေဘဲ ပြည်ထောင်စု အစိုးရအဖွဲ့က သက်ဆိုင်ရာ အဖွဲ့အစည်းသို့ လိုအပ်သလို ညွှန်ကြား ဆောင်ရွက်နိုင်သည်။

၇၇။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် အခြေအနေ ပေါ်ပေါက်သည့် အခါ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းအား ယာယီ ရပ်ဆိုင်းရေး၊ ဆက်သွယ်မှုအမျိုးအစား တစ်ရပ်ရပ်ကို မပြုလုပ်ရေး၊ တားဆီးထိန်းသိမ်း ထားရှိရေး၊ လိုအပ်သည့် သတင်းအချက်အလက် နှင့် ဆက်သွယ်မှုများကို ရရှိနိုင်ရေး၊ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ နှင့် ဆက်သွယ်ရေး ပစ္စည်းများကို ယာယီထိန်းချုပ် သုံးစွဲရေးတို့အတွက် လုပ်ငန်းလိုင်စင်ရရှိသူများအား ညွှန်ကြားနိုင်သည်။

## ကျွန်ုပ်တို့၏ အဆိုပြုချက်များ

*၆၆။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေ ချမှတ်ရမည် -*

…

*(ဂ) [ပုဒ်မအသစ် ၆၆က ကို ဦးစားပေးသောအားဖြင့် ရုပ်သိမ်းထားသည်။]*
*(ဃ) [ပုဒ်မအသစ် ၆၆က ကို ဦးစားပေးသောအားဖြင့် ရုပ်သိမ်းထားသည်။]*

*၆၆က။ ငွေ သို့မဟုတ် ပစ္စည်း တစ်ရပ်ရပ်ကို ခိုးယူရန်၊ လိမ်လည်ရန် ၊ အလွဲသုံးစားပြုရန် ၊ အကျိုးပျက်စီးစေရန်သော်လည်းကောင်း ၊ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူရန် ၊အနိုင်အထက်ပြုရန် ၊ မတရား တားဆီးကန့်ကွက်ရန် ၊ အသရေဖျက်ရန် သို့မဟုတ် ခြိမ်းခြောက်ရန်သော်လည်းကောင်း ဆက်သွယ်ရေး ကွန်ရက်တစ်ခုကို အသုံးပြုခြင်းသည် ပြစ်မှုဆိုင်ရာ ဥပဒေအတွင်းမှ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များ၏ အဓိပ္ပါယ်အတွင်း ဤ ပြစ်မှုများကို ကျူးလွန်ရန် နည်းလမ်းတစ်ခုအဖြစ်  ပါဝင်ပြီးဖြစ်ကြောင်း မှတ်ယူရမည်။*

> မှတ်ချက်။ ပြစ်မှုအမျိုးမျိုးကို ပြဋ္ဌာန်းဖြစ်ပေါ်စေသည့် ပုဒ်မ ၆၆(ဂ) နှင့် (ဃ) တို့ကို ရုပ်သိမ်းထားပြီး ပုဒ်မအသစ် ၆၆က ဖြင့် အစားထိုးထားကာ ဆက်သွယ်ရေးကွန်ရက်တစ်ခုကို အသုံးပြုရင်း ဤ ပြုလုပ်မှုများကို လုပ်ဆောင်ခြင်းသည် ပြစ်မှုဆိုင်ရာ ဥပဒေအတွင်း သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များဖြင့် အကျုံးဝင်ခြုံငုံကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။

*၆၈။  မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံး ဖြစ်စေ ချမှတ်ရမည်။*

*(က) [ရုပ်သိမ်းထားသည်။]*

...

> မှတ်ချက်။ ပုဒ်မ ၆၈(က) ကို ရုပ်သိမ်းထားသည်။ ပြစ်မှုဆိုင်ရာ ဥပဒေသည် လိမ်လည်မှု နှင့် ခြိမ်းခြောက်ငွေညှစ်မှုကဲ့သို့ မမှန်ကန်သော သတင်းအချက်အလက်ကို မရိုးမဖြောင့်သော သဘောဖြင့် ဖြန့်ချိခြင်း နှင့် ပတ်သက်ပြီး အထူးသီးသန့် ပြစ်မှုဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ချက်များစွာကို ပြစ်မှုဆိုင်ရာ ဥပဒေအတွင်း ပြဋ္ဌာန်းထားပြီး ဖြစ်ကာ ဤကဲ့သို့သော သတင်းအချက်အလက် အမျိုးအစားအပေါ် လွှမ်းခြုံသည့် တားမြစ်မှု ချမှတ်ရန် တရားနည်းလမ်းကျမှု မရှိပါ။

*၆၉။  မည်သူမဆို ဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းကိစ္စ နှင့်  တရားရုံးအမိန့်အရ ထုတ်ဖော်ပြသရန် ခွင့်ပြုထားသည့် ကိစ္စများမှအပ  အတိအလင်းဖော်ပြထားသော သို့မဟုတ် သွယ်ဝိုက်ရည်ညွှန်းထားသော ခွင့်ပြုချက် မရှိဘဲ ပုဂ္ဂလိကဆိုင်ရာ လွတ်လပ်ခွင့် အပါအဝင် အခြားတတိယအဖွဲ့၏  တရားဝင် အကျိုးစီးပွားကို တမင်ရည်စူးကြံရွယ်ချက် နှင့် အမှန်တကယ် ပြင်းထန်သော ထိခိုက်မှု ဖြစ်နိုင်ခြေ ရှိသည့် နည်းအားဖြင့် တတိယအဖွဲ့မသိအောင် ယုံကြည် စိတ်ချရသော စနစ်ဖြင့်ဖြစ်စေ၊ လျှို့ဝှက်စနစ်ဖြင့် ဖြစ်စေ ထားရှိသော သတင်းအချက်အလက်ကို တစ်နည်းနည်းဖြင့် ထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။*

> မှတ်ချက်။ ခွင့်ပြုချက်ရှိခြင်း ခုခံကာကွယ်မှု နှင့် တတိယအဖွဲ့၏ တရားဝင် အကျိုးစီးပွား ကို ထိခိုက်စေရန် လိုအပ်ချက် တို့ကို ပေါင်းထည့်ထားပြီး တမင်ရည်စူးကြံရွယ်မှု လိုအပ်ချက်ကို ပေါင်းထည့်ထားသည်။

*၇၃။ __မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှု ကျူးလွန် ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်ဖြစ်ပြီး__ သီးသန့်ရည်စူးကြံရွယ်ချက်ဖြင့် ပြုလုပ်ခြင်း မဟုတ်လျှင် အီလက်ထရောနစ်ဝန်ဆောင်မှုကို ထောက်ပံ့ပေးရုံမျှဖြင့် အားထုတ်မှု ၊ ပြစ်မှုကျူးလွန်ရန် ပူးပေါင်းကြံစည်မှု သို့မဟုတ် အားပေး ကူညီမှုတစ်ခု ဟု မှတ်ယူခြင်း မပြုရပါ။*

> မှတ်ချက်။ သီးသန့်ရည်စူးကြံရွယ်ချက်ဖြင့် အားထုတ်မှု ၊ ပြစ်မှုကျူးလွန်ရန် ပူးပေါင်း ကြံစည်မှု သို့မဟုတ် အားပေးကူညီမှုတို့ ပြုလုပ်ခြင်းမဟုတ်ဘဲ အီလက်ထရောနစ် ဝန်ဆောင်မှုကို ထောက်ပံ့ပေးရုံသက်သက် ပြုလုပ်သည့်သူများအတွက် အကာ အကွယ်ပေးမှု တစ်ခုကို ဤနေရာတွင် ပေါင်းထည့်ထားသည်။

*၇၃က။ ပုဒ်မ ၆၆က ၊ ၆၉ နှင့် ၇၃ တို့အား ကျူးလွန်မှုသည် ထုတ်ဖော် ပြောဆိုမှုဆိုင်ရာ ဆောင်ရွက်မှု ပါဝင်ပြီး ပါဝင်ဆောင်ရွက်သည့် လူပုဂ္ဂိုလ်သည် အများပြည်သူ အကျိုးစီးပွားအတွက် ပြုလုပ်ကြောင်း အခိုင်အမာ သက်သေထူနိုင်လျှင် ထိုပုဒ်မများဖြင့် အပြစ်သက်ရောက်ခြင်း မရှိစေရ။*

> မှတ်ချက်။ နိုင်ငံ၏ လုံခြုံရေးကို အကာအကွယ်ပေးခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုမှု ရပိုင်ခွင့်နှင့်အတူ အခြားအကျိုးစီးပွားတို့ အကြား ဟန်ချက်မျှရန် ထုတ်ဖော် ဖွင့်ဟခြင်းဆိုင်ရာ ရာဇဝတ်ပြစ်မှုအတွက် ဤကဲ့သို့ အများပြည်သူအကျိုးဟူသည့် ခုခံချေပမှု မျိုးလိုအပ်ပါသည်။

*၇၅။ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြင်းထန်စွာ ထိခိုက်စေနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် လိုအပ်သည့်အခါ တရားရုံးတစ်ခုသည် သက်ဆိုင်ရာ ပြည်ထောင်စု အစိုးရ အာဏာပိုင်များ သို့မဟုတ် အဖွဲ့အစည်းများကို နိုင်ငံသားများ၏ မူလအခွင့်အရေးများ မထိခိုက် စေဘဲ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများကို ကြားဖြတ်ရယူရန် ခွင့်ပြုချက်ပေးနိုင်သည်။*

> မှတ်ချက်။ သတင်းအချက်အလက် ကြားဖြတ်ဖမ်းယူခြင်းအတွက် တရားရုံး၏ ခွင့်ပြုမိန့် ရယူရန် လိုအပ်ချက်ကို ပေါင်းထည့်ထားသည်။ ဤ ပြုကျင့်ပုံအလေ့အထမှာ အစိုးရ၏ ဆောင်ရွက်မှု အမျိုးအစားအတွက် ပုံမှန် လိုအပ်ချက် တစ်ခု ဖြစ်သည်။ ပြင်းထန်သော ထိခိုက်မှု အန္တရာယ် ဖြစ်နိုင်ခြေမှ အကာအကွယ်ပေးရန် အခြေအနေ လိုအပ်ချက် ကိုလည်း ပေါင်းထည့်ထားသည်။

*၇၇။[ရုပ်သိမ်းထားသည်]*

မှတ်ချက်။ ဤပြဋ္ဌာန်းချက်ကို (ကျွန်ုပ်တို့၏အဆိုပြုချက်တွင်) ရုပ်သိမ်းထားသည်။ ကမ္ဘာတစ်ဝန်း နိုင်ငံများစွာမှ အတွေ့အကြုံက အစိုးရသည် ဤကဲ့သို့သော အာဏာကို စွဲကိုင်ထားရန် မလိုကြောင်း သက်သေအထောက်အထား ရှင်းလင်းထင်ရှားစွာ ပြသခဲ့ပြီး ဖြစ်သည်။ လိုအပ်လျှင် ပုဒ်မ ၇၅ အရ သတင်းအချက်အလက် ကြားဖြတ် ဖမ်းယူမှု ပြုလုပ်ရန် တရားရုံးက အခွင့်အာဏာပေးနိုင်သည်။ ထို့ပြင် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းသည် ဥပဒေနှင့်မညီဘဲ ပြုလုပ်နေလျှင် သို့မဟုတ် ထိခိုက်မှု ဖြစ်စေလျှင် တရားရုံးများသည် ပြစ်မှုဆိုင်ရာ ဥပဒေ ကဲ့သို့ ဥပဒေများအောက်တွင် အရေးယူမှုကို အရေးတကြီး အဆောတလျင် ဆောင်ရွက်နိုင်သည်။